# AIAကိုဘာကြောင့် ရွေးချယ်သင့်သလဲ?

- ဈေးကွက်ရင်းနှီးမြှုပ်နှံမှုအားဖြင့် ကမ္ဘာပေါ်မှာအကြီးဆုံး အသက်အာမခံကုမ္ပဏီတွေထဲကတစ်ခုဖြစ်သော
- နိုင်ငံပေါင်း ၁၈ နိုင်ငံ မှာရှိသော
- လူတစ်ဦးချင်း အာမခံပေါ်လစီ စုစုပေါင်း ၃၃ သန်း ရှိသော
- မြန်မာနိုင်ငံကိုရောက်ရှိနေတာ ၆ နှစ်ကျော် ရှိနေသော အသက်အာမခံလုပ်ငန်းစုကြီးတစ်ခု

> မြန်မာနိုင်ငံသားများပိုမိုကျန်းမာအသက်ရှည်ပြီး ပိုမိုကောင်းမွန်သောဘဝများပိုင်ဆိုင်နိုင်စေရန်

# ကျန်းမာရေးအတွက်အနှစ်ချုပ်ဖော်ပြချက်

ကျန်းမာခြင်းသည်စစ်မှန်သောစည်းစိမ်ဖြစ်လို့ ပိုမိုကျန်းမာအသက်ရှည်ပြီးပိုမိုကောင်းမွန်သောဘဝတွေနဲ့နေရဖို့ကိုယ့်ကျန်းမာရေးကိုအကောင်းဆုံးပြင်ဆင်လိုက်ပါစို့။
ဤယုံကြည်မှုနှင့်အတူ ကောင်းမွန်တဲ့အကျင့်လေးတွေကိုမွေးမြူလိုက်ကြစို့။

**ကျန်းမာသောဘဝနေထိုင်မှု**
(Do Well) ကောင်းမွန်စွာလုပ်ဆောင်ခြင်း။
(Think Well) ကောင်းမွန်စွာတွေးခေါ်ခြင်း။
(Eat Well) ကောင်းမွန်စွာ စားသောက်ခြင်း။
(Sleep Well) ကောင်းမွန်စွာအိပ်စက်ခြင်း။

## ကျန်းမာရေးအတွက်အကောင်းဆုံးပြင်ဆင်ဖို့ဘာတွေလိုအပ်မလဲ?

**ရောဂါလက္ခဏာရှာဖွေဖော်ထုတ်ခြင်းအသိပညာ။**
ရောဂါလက္ခဏာများနှင့် ကနဦး ရောဂါလက္ခဏာများကိုသိရှိထားခြင်းသည် ရောဂါဖြစ်နိုင်ချေကိုလျှော့ကျစေရန်ကူညီပေးနိုင်သည်။
**ဘဏ္ဍာရေး/ငွေကြေးအတွက်ကြိုတင်ပြင်ဆင်ခြင်း**
စည်းစိမ်ဥစ္စာခနစုဆောင်းရန်နှင့်အရေးပေါ်ကုန်ကျနိုင်သောအရာများအတွက်ငွေစုပါ။
ကျန်းမာရေးအာမခံ -မမျှော်လင့်ပဲကုန်ကျနိုင်သောဆေးကုသစရိတ်များအတွက် ဘဏ္ဍာရေး/ငွေကြေးအရပြင်ဆင်ပြီးသားဖြစ်စေရန်ကျန်းမာရေးအာမခံထားရှိပါ။

## ဘာဖြစ်လို့ AIA ကျန်းမာရေးအာမခံကိုဝယ်ယူသင့်တာလဲ?

ကျန်းမာရေးအာမခံကသင့်အားမမျှော်လင့်ဘဲမြင့်မားစွာကျသင့်နိုင်သောကျန်းမာရေးစရိတ်များကုန်ကျခြင်းမှကာကွယ်ပေးနိုင်ပါသည်။
ဆေးရုံ ၃ ရက်တက်ခြင်း၏ပျမ်းမျှစရိတ်မှာ ၃၀,၀၀၀ ကျပ်ခန့်ရှိတယ်ဆိုတာသင်သိပါသလား? ဒါမှမဟုတ် ကျိုးသွားသောခြေထောက်ကိုပြန်ဆက်ရန်အတွက်ကုသစရိတ်မှာ သိန်း ၃၀ ခန့်ရှိတယ်ဆိုတာ သင်သိပါသလား? ဒီလို မမျှော်လင့်ဘဲမြင့်မားစွာကုန်ကျနိုင်သောကျန်းမာရေးစရိတ်များအတွက် AIA ကျန်းမာရေးအာမခံက သင့်အတွက်အများကြီးပိုပံပိုးပေးနိုင်ပါတယ်။

## အဓိကအာမခံအကျိုးခံစားခွင့်များ

| **အခြေခံအကာအကွယ်** | **အပိုအကာအကွယ်များ** |
|---|---|
| ရောဂါကြောင့်ဆေးရုံတက်ခြင်း | ခွဲစိတ်ကုသခြင်း |
| မတော်တဆမှုကြောင့်ဆေးရုံတက်ခြင်း | ကိုယ်ဝန်ပျက်ကျခြင်း |
| သေဆုံးခြင်း | ဆေးရုံ/ဆေးခန်းပြသခြင်း |

## ကျန်းမာရေးအာမခံကိုဘယ်သူတွေဝယ်ယူလို့ရနိုင်မလဲ?

**အာမခံထားနိုင်ခွင့်ရှိသူ**
ကျန်းမာရေးအာမခံကို အသက် (၆) နှစ်မှ (၇၅) နှစ်အထိ အသက်အုပ်စု ခွဲခြား၍ ထားရှိနိုင်ပါသည်။
အသက် (၆) နှစ်မှ (၁၈) နှစ်အထိအတွက် မိဘ/အုပ်ထိန်းသူမှ ထားရှိပေးနိုင်ပါသည်။
**အာမခံသက်တမ်း**
ပရီမီယံပေးသွင်းသည့်နေ့မှစ၍ (၁) နှစ် ဖြစ်ပါသည်။
**အာမခံအကာအကွယ်**
- အခြေခံအကာအကွယ်ကိုလွတ်လပ်စွာဝယ်ယူနိုင်သော်လည်း အပိုအကာအကွယ်အားသီးသန့်ဝယ်ယူ၍မရပါ။

AIA

# AIA အနှစ်ချုပ်

## AIA အကြောင်း

အာရှပစိဖိတ်ဒေသတွင်း ဈေးကွက် ၁၈ ခုတွင် အသက်အာမခံလုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ကိုင်သော အာရှတစ်ခွင် အကြီးဆုံး အများပိုင် အသက်အာမခံလုပ်ငန်းစု

## ကျွန်ုပ်တို့၏ရည်မှန်းချက်

ကမ္ဘာ့ အထင်ပေါ် အကျော်ကြားဆုံး အသက်အာမခံ ဝန်ဆောင်မှုပေးနိုင်သူ ဖြစ်ရန်နှင့် အကောင်းဆုံး ဝန်ဆောင်မှုသည် ကျွန်ုပ်တို့ ဝန်ဆောင်မှုများ ဝယ်ယူသူမှ ရှယ်ယာပိုင်ရှင်များအထိ ရည်ရွယ်သည်။

## ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ဒေသတွင်း စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိပ်ဆုံးမှ ပါဝင်ရင်း လူနှင့် လူ့ဘောင်အဖွဲ့အစည်းကို အကောင်းဆုံး အကျိုးပြုသွားပါမည်။

---

AIA Group Limited နှင့် ကုမ္ပဏီခွဲများ (စုပေါင်းအားဖြင့် “AIA” သို့မဟုတ် “အဖွဲ့”) တွင် လွတ်လပ်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီကြီးဖြစ်သော pan-Asian အသက်အာမခံ လုပ်ငန်း အဖွဲ့အစည်း ဖြစ်သည်။ အာရှ-ပစိဖိတ်ရှိ ဈေးကွက် ၁၈ ခုတွင် လုပ်ငန်းများဆောင်ရွက်လျက် ရှိရာ ဟောင်ကောင်၊ ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ တရုတ်ပြည်မ၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ ဩစတေးလျ၊ အင်ဒိုးနီးရှား၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ နယူးဇီလန်၊ မကာအို၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မြန်မာ တို့တွင် အပြည့်အဝပိုင်ဆိုင်သော ကုမ္ပဏီခွဲများရှိပြီး သီရိလင်္ကာတွင် ၉၇% ပိုင်ဆိုင်သော ကုမ္ပဏီခွဲ၊ အိန္ဒိယတွင် ၄၉% ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတို့ရှိပါသည်။

AIA ၏ စီးပွားရေးလုပ်ငန်းကို ၁၉၁၉ ခုနှစ်၌ ရှန်ဟိုင်းတွင် စတင်တည်ထောင်ခဲ့ပြီး ဂျပန်နိုင်ငံမပါသော အာရှ-ပစိဖိတ် ဒေသတွင် အသက်အာမခံ လုပ်ငန်း ဈေးကွက် ဦးဆောင်သူ အဖြစ် ရပ်တည်နေပြီး ၎င်း၏ ဈေးကွက် အများစုတွင် ရှေ့ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ စုစုပေါင်းပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၅၆ ဘီလီယံ ရှိသည်။

AIA သည် ရေရှည်ငွေစုခြင်းနှင့် ပြည်သူတစ်ဦးချင်းစီအတွက် လိုအပ်သည့် ကာကွယ်မှုများပေးနိုင်သော အသက်အာမခံပေါ်လစီများကို ဝန်ဆောင်မှု ပေးလျက်ရှိရာ ၎င်း၏ ဝန်ဆောင်မှုများတွင် အသက်အာမခံ၊ မတော်တဆထိခိုက်မှု အန္တရာယ်နှင့် ကျန်းမာရေးအာမခံ၊ ငွေစုခြင်း အစီအစဥ်တို့ ပါဝင်သည်။ ထို့အပြင် AIA အုပ်စုသည် ဝန်ထမ်းများ ၏ အကျိုးအမြတ် ခံစားခွင့်၊ ချေးငွေ အသက်အာမခံနှင့် ပင်စင်ဝန်ဆောင်မှုများကိုလည်း ကော်ပိုရိတ် လုပ်ငန်းစုကြီးများကို ဝန်ဆောင်မှု ပေးလျက်ရှိသည်။ AIA သည် အာရှ-ပစိဖိတ် တစ်ဝှမ်းတွင် အကျိုးဆောင် ကိုယ်စားလှယ် အေးဂျင့်များ၊ လုပ်ငန်းတူ လုပ်ကိုင်သည့် ပါတနာများနှင့် ဝန်ထမ်းများ စုပေါင်းပါဝင်သည့် ကျယ်ပြန့်သော ကွန်ရက် ရှိပြီး AIA ၏ အာမခံ ပေါ်လစီကို ဝယ်ယူသုံးစွဲနေသည့် ဦးရေမှာ တစ်ဦးတစ်ယောက်ချင်းစီ အာမခံ ပေါ်လစီပေါင်း ၃၃ သန်းကျော်နှင့် စုပေါင်းအာမခံပေါ်လစီပေါင်း ၁၆ သန်းကျော် ရှိသည်။

AIA Group Limited သည် ဟောင်ကောင် Stock Exchange ၏ Main Board တွင် American Depositary Receipts (Level ၁) ၏ Stock Code “၁၂၉၉” အောက်တွင် (ticker symbol: “AAGIY”) ဖြင့် ကောင်တာဈေးကွက်တွင် ကူးသန်းရောင်းဝယ်လျက်ရှိသည်




**ပိုမိုသိရှိလိုပါကဆက်သွယ်ရန်**
မေးလိုသောမေးခွန်းများရှိပါက ကျေးဇူးပြု၍ ကျွန်ုပ်တို့ AIA ၏တရားဝင်ကိုယ်စားလှယ်များနှင့် AIA Customer Service အားဆက်သွယ်နိုင်ပါသည်။သင့်အားကူညီရန်ကျွန်ုပ်တို့ဘက်မှအမြဲတမ်းအဆင်သင့်ရှိနေပါသည်။

AIA
AIA Myanmar
22 လှာ, ဂျန်းရှင်းစီးတီးတာဝါ,
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
Tel: (+951)4705440
အီးမေးလ်: AIACare.MM@aia.com

Website: AIA.COM.MM

Facebook: https://www.facebook.com/AIA.Myanmar.MM/

## ကျန်းမာရေးအာမခံ၏အဓိကအကျိုးခံစားခွင့်များ

| အတွင်းလူနာစောင့်ရှောက်ကုသမှု | | Silver | Gold | Platinum |
|---|---|---|---|---|
| ဆေးရုံတက်ခြင်းနှင့်အခန်းခများ | ဆေးရုံတက်ရက် တစ်ရက်လျှင် ၁၀,၀၀၀ ကျပ် နှင့် တစ်နှစ်လျှင် ရက်ပေါင်း ၆၀ ထိရရှိနိုင်သည်။ | ✓ | ✓ | ✓ |
| သေဆုံးခြင်းအတွက်အကျိုးခံစားခွင့်များ | တစ်ယူနစ်လျှင် ၁၀ သိန်းကျပ် ဖြင့် ဝယ်ယူထားသောယူနစ်ပေါ်မူတည်၍ပိုမိုရရှိနိုင်ပါသည်။ | ✓ | ✓ | ✓ |
| တစ်ကိုယ်လုံးမေ့ဆေး (သို့မဟုတ်) ကိုယ်တစ်ပိုင်းထုံဆေးဖြင့် ခွဲစိတ်ကုသမှုခံယူသည့်အခါ | ခွဲစိတ်ကုသမှုကုန်ကျစရိတ်အတွက်တစ်ယူနစ်လျှင်အများဆုံး ၅ သိန်းကျပ်အထိရရှိနိုင်ပါသည်။ | | ✓ | ✓ |
| သဘာဝအလျောက်ကိုယ်ဝန်ပျက်ကျခြင်း (သို့မဟုတ်)ရောဂါကြောင့် ကိုယ်ဝန်ပျက်ကျခြင်းအဖြစ် ဆေးရုံတက်ပြီးခွဲစိတ်မှု၊ ကုသမှုပြုလုပ်ခြင်း | ၃ သိန်းကျပ် (ဝယ်ယူထားသောယူနစ်အရေအတွက်နှင့်မသက်ဆိုင်ပါ။) | | ✓ | ✓ |
| ပြင်ပလူနာစောင့်ရှောက်ကုသမှု | | | | |
| ဆေးကုသရန်ရည်ရွယ်ချက်ဖြင့် ဆေးရုံ၊ဆေးခန်းပြသခြင်း | ဆေးရုံ၊ဆေးခန်း တစ်ခါပြခြင်းအတွက် တစ်ယူနစ်လျှင် ၂၅၀၀ ကျပ် ရရှိနိုင်ပြီး တစ်နှစ်တွင် ၄ ကြိမ်တိုင်အောင် ဝယ်ယူထားသောယူနစ်အလျောက် ရရှိနိုင်ပါသည်။ | ✓ | | ✓ |

## နှစ်စဉ်ပရီမီယံပေးသွင်းခြင်းအစီအစဉ်

ပေါ်လစီသက်တမ်း : ပရီမီယံပေးသွင်းသည့်နေ့မှစ၍သည့်တစ်နှစ်
ပေါ်လစီ(၅)ယူနစ်အတွက်တစ်နှစ်စာပေးသွင်းရမည့်ပရီမီယံ

| အကျိုးခံစားခွင့် | Silver<br>အခြေခံအကာအကွယ် + အပိုအကာအကွယ် (၂) | Gold<br>အခြေခံအကာအကွယ် + အပိုအကာအကွယ် (၁) | Platinum<br>အခြေခံအကာအကွယ် + အပိုအကာအကွယ် (၁+၂) |
|---|---|---|---|
| နှစ်စဉ်ကြေး (အသက် ၆ နှစ် မှ ၃၀ နှစ်) | ၉၉,၀၀၀ ကျပ် | ၁၃၇,၅၀၀ ကျပ် | ၁၈၁,၅၀၀ ကျပ် |
| နှစ်စဉ်ကြေး (အသက် ၃၁ နှစ် မှ ၄၀ နှစ်) | ၁၁၅,၅၀၀ ကျပ် | ၁၅၄,၀၀၀ ကျပ် | ၁၉၈,၀၀၀ ကျပ် |
| နှစ်စဉ်ကြေး (အသက် ၄၁ နှစ် မှ ၅၀ နှစ်) | ၁၃၂,၀၀၀ ကျပ် | ၁၇၀,၅၀၀ ကျပ် | ၂၁၄,၅၀၀ ကျပ် |
| နှစ်စဉ်ကြေး (အသက် ၅၁ နှစ် မှ ၆၀ နှစ်) | ၁၈၇,၀၀၀ ကျပ် | ၂၂၅,၅၀၀ ကျပ် | ၂၆၉,၅၀၀ ကျပ် |
| နှစ်စဉ်ကြေး (အသက် ၆၁ နှစ် မှ ၇၅ နှစ်) | ၃၅၂,၀၀၀ ကျပ် | ၃၉၀,၅၀၀ ကျပ် | ၄၃၄,၅၀၀ ကျပ် |

အသက်အရွယ်အပိုင်းအခြားပေါ်မူတည်၍
တစ်ယူနစ်ပေါ်တွင်တွက်ချက်ထားသော ပရီမီယံဇယား

| No | အာမခံကာအကွယ် | အသက် | တစ်ဦးစာ |
|---|---|---|---|
| ၁ | အခြေခံအကာအကွယ် တစ်ယူနစ် | ၆ နှစ် မှ ၃၀ နှစ် | ၁၁,၀၀၀ ကျပ် |
| | | ၃၁ နှစ် မှ ၄၀ နှစ် | ၁၄,၃၀၀ ကျပ် |
| | | ၄၁ နှစ် မှ ၅၀ နှစ် | ၁၇,၆၀၀ ကျပ် |
| | | ၅၁ နှစ် မှ ၆၀ နှစ် | ၂၈,၆၀၀ ကျပ် |
| | | ၆၁ နှစ် မှ ၇၅ နှစ် | ၆၁,၆၀၀ ကျပ် |
| ၂ | အပိုအကာအကွယ် (၁)တစ်ယူနစ် | ၆ နှစ် မှ ၇၅ နှစ် | ၁၆,၅၀၀ ကျပ် |
| ၃ | အပိုအကာအကွယ် (၂) တစ်ယူနစ် | ၆ နှစ် မှ ၇၅ နှစ် | ၈,၈၀၀ ကျပ် |

## ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်

သင်နှင့်သင့်မိသားစုအတွက် ကိုယ်ကာယကျန်းမာရေးနဲ့စိတ်ကျန်းမာပျော်ရွှင်မှုသည် လွန်စွာအရေးကြီးကြောင်းနားလည်သောကြောင့် AIA ၏ ပေါ်လစီကိုင်ဆောင်ထားသူများ ကျန်းမာရေးစောင့်ရှောက်မှုခရီးစဉ်တစ်လျှောက်လုံးအစဉ်ပြေချောမွေ့စေရန်ရည်ရွယ်၍ နိုင်ငံတကာနှင့် ပြည်တွင်းမှ ဆေးရုံကြီးများ၊ ဆေးခန်းများ၊ အားကစားရုံနှင့် ကျန်းမာရေး စောင့်ရှောက်မှုနေရာများတွင် ပုံမှန်ထက်ကောင်းမွန်သော AIA ၏ အထူးခံစားခွင့်များ ခံစားနိုင်ရန် စီစဥ်ပေးထားသည်။

### ဆေးရုံများ

ပြည်တွင်း — ပြည်ပ

ကျန်းမာရေးစစ်ဆေးခြင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ကျန်းမာရေးဆွေးနွေးတိုင်ပင်ခြင်းများအပေါ် AIA customer များအတွက် အထူးနှုန်းထားများ စီစဥ်ပေးထားသည်။

### အားကစားနှင့် ကျန်းမာရေးစင်တာများ

Membership နှင့် အခြားသောဝန်ဆောင်မှုများ အပေါ်တွင် AIA customer များအတွက် အထူးနှုန်းထားများ စီစဥ်ပေးထားသည်။

## ပညာရေးအထူးအခွင့်အရေး

သင်နှင့် သင့်မိသားစုတွင် သင့်ကလေးကို အကောင်းဆုံးပညာရေးပေးနိုင်ဖို့ကြိုတင်စီစဉ်နိုင်ရန် လွန်စွာအရေးကြီးသည့်ကို နားလည်ပါသည်။ AIA ၏ ပေါ်လစီကိုင်ဆောင်ထားသူများအနေဖြင့် မိမိကလေးငယ်အနာဂတ်ကိုကြိုတင်စီစဉ်ပုံဖော်သည့် ခရီးလမ်းကြောင်းတစ်လျောက် အဆင်ပြေချောမွေ့ရန် နိုင်ငံခြားနှင့် ပြည်တွင်း တက္ကသိုလ်များနှင့် ကလေးငယ်များ ဖန်တီးနိုင်မှု စွမ်းရည်မြှင့်တင့်ရေး အစီအစဉ်များတွင် AIA ၏ ပုံမှန်ထက်ကောင်းမွန်သော အထူး ခံစားခွင့်များ ခံစားနိုင်ရန် စီစဥ်ပေးထားသည်။

### တက္ကသိုလ်များ

ဘွဲ့ကြို၊ ဘွဲ့လွန် ဒီဂရီများ နှင့် ဒီပလိုမာများအတွက် ကျူရှင်လခများအပေါ် AIA customer များအတွက် အထူးနှုန်းထားများ စီစဥ်ပေးထားသည်။

### တီထွင်ဖန်တီးနိုင်မှုလေ့ကျင့်ရေးသင်တန်းများ

တီထွင်ဖန်တီးနိုင်မှုနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသင်တန်းများအပေါ် AIA customer များအတွက် အထူးနှုန်းထားများ စီစဥ်ပေးထားသည်။

### စည်းကမ်းသတ်မှတ်ချက်များ

(၁)အထူးခံစားခွင့်အစီအစဉ်များသည်အာမခံပေါ်လစီစာချုပ်နှင့်တိုက်ရိုက်အကျုံးဝင်ခြင်းမရှိပဲ AIA Myanmar မှ AIA ပေါ်လစီကိုင်ဆောင်သူများကို သီးသန့်ပံ့ပိုးပေးထားခြင်းသာဖြစ်သည်။
(၂)အကျိုးခံစားခွင့်များသည် လုပ်ငန်းဖက်များအပေါ်မူတည်၍ ပြောင်းလဲနိုင်ပြီး အကြံပေးချက်များအရ လိုအပ်သလို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်သွားမည်။
(၃)AIA မှ ပေါ်လစီကိုင်ဆောင်သူများကို အထူးခံစားခွင့်များသုံးနိုင်သောကဒ်ပြားများထုတ်ပေးထားမည်ဖြစ်ပြီးထိုကဒ်ပြားကိုင်ဆောင်၍ Partner လုပ်ငန်းများတွင်တိုက်ရိုက်အသုံးပြုရမည်။
(၄)AIA ၏အထူးခံစားခွင့်အစီအစဉ်များကိုအသေးစိတ်သိရှိလိုပါက AIA Myanmar Website တွင်ဝင်ရောက်ဖတ်ရှုနိုင်သည်။

## အမေးအများဆုံးမေးခွန်းနှင့် အဖြေများ

### ကျန်းမာရေးအာမခံဆိုတာဘာလဲ?

ကျန်းမာရေးအာမခံဆိုတာ ဆေးကုသစရိတ်များကိုဖြည့်ဆည်းပေးနိုင်တဲ့တစ်နှစ်တာအာမခံအစီအစဉ်ဖြစ်ပါတယ်။

### ကျန်းမာရေးအာမခံကိုဘယ်သူတွေထားရှိနိုင်မလဲ?

အသက်(၆)နှစ်မှ (၇၅)နှစ်အတွင်းရှိသူ မည်သူမဆိုကျန်းမာရေးအာမခံဝယ်ယူထားရှိနိုင်ပါသည်။

### အာမခံပေါ်လစီသက်တမ်း ဘယ်လောက်လဲ?

ပရီမီယံစတင်ပေးသွင်းသည့်နေ့မှစ၍တစ်နှစ်တာအကျုံးဝင်ပါသည်။

### အပိုအကာအကွယ်သီးသန့်ကိုသာဝယ်ယူနိုင်ပါသလား?

အပိုအကာအကွယ်သီးသန့်ကိုသာဝယ်ယူလို့မရပါ။ အခြေခံအကာအကွယ်ကိုဝယ်ယူပြီး အပိုအကာအကွယ် (၁) နှင့် (၂) ကို တွဲဖက်ဝယ်ယူနိုင်ပါသည်။

### အသက်ကြီးလာတာနှင့်အမျှ ပေးသွင်းရသောကျန်းမာရေးအာမခံပရီမီယံမှာ ပိုတိုးလာမည်လား?

ဟုတ်ပါသည်။ ကျန်းမာရေးအာမခံပရီမီယံသည် လက်ရှိရောက်ရှိနေသောအသက်အရွယ်ပေါ်မူတည်သဖြင့် အသက်ကြီးလာလေ ပေးသွင်းရမည့်ပရီမီယံတိုးလာလေဖြစ်သည်။

### ကျန်းမာရေးအာမခံမဝယ်ခင် ကျန်းမာရေးဆေးစစ်ခြင်းပြုလုပ်ရန်လိုအပ်ပါသလား?

အာမခံထားသူသည်အဆိုပြုလွှာတွင်မှန်ကန်စွာဖြည့်စွက်ဖော်ပြရန်သာလိုအပ်ပါသည်။ အာမခံကုမ္ပဏီမှလိုအပ်မှသာအာမခံထားသူအားကျန်းမာရေးစစ်ဆေးခြင်းပြုလုပ်ရန်တောင်းဆိုပါမည်။

### ကျန်းမာရေးအာမခံအကျိုးခံစားခွင့်ရရှိရန်အကျုံးမဝင်သောအချက်တွေကဘာတွေလဲ?

အောက်ဖော်ပြပါ ကိစ္စရပ်တစ်ခုခုနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရ ခြင်းတို့အတွက် အကျိုးခံစားခွင့် အကျုံးဝင်မည် မဟုတ်ပါ။
(က)ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန်ဆရာဝန်၏ထောက်ခံချက်ကိုရရှိထားခြင်း ရောဂါလက္ခဏာ ရှိပြီးသား ဖြစ်နေခြင်း။
(ခ)သားဖွားခြင်း၊ ဗိုက်ခွဲမွေးခြင်း၊ မီးဖွားခြင်းနှင့်ဆိုင်သောခွဲစိတ်ကုသမှု၊ သို့သော် အာမခံထားပြီးနောက် ကိုယ်ဝန်နှင့် အာမခံထားချိန်တွင် ပုံမှန်ဖြစ်နေသော ကိုယ်ဝန်ကြောင့်ဖြစ်လာသည့် တွဲဖက်ရောဂါ များ (ကိုယ်ဝန်ဆိပ်သင့်ခြင်း၊ ကိုယ်ဝန်ဆောင် သွေးတိုးရောဂါ /ဆီးချိုရောဂါစသည်တို့ကြောင့် ဆေးရုံတက်ခြင်းနှင့်ခွဲစိတ်ကုသခြင်းသည် အကျိုးခံစားခွင့် ပေးချေရန် အကျုံးဝင်သည်။ ထို့အပြင် ကိုယ်ဝန်ပျက်ကျခြင်းသည် ရွေးချယ်နိုင်သည့်အာမခံ အကာအကွယ် (၁) ကို ဝယ်ယူထား ပါက အကျိုးခံစားခွင့် ပေးချေရန် အကျုံးဝင်သည်။
(ဂ)စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း၊ ကိုယ်ခန္ဓာ ချို့ယွင်းခြင်း (Physical Defect) (သို့မဟုတ်) မသန်စွမ်းခြင်း (Infirmity).
(ဃ)ကျန်းမာရေး စစ်ဆေးရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း၊ သားသမီး ရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း။
(င)မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သော သွားနှင့်ပတ်သက်သည့်ကုသမှု၊ မျက်မှန်အပါအဝင် မျက်စိစမ်းသပ်ခြင်း၊ အမြင် သွေဖယ်ခြင်း၊ မျက်စိကုသခြင်း၊ အမြင်အာရုံကောင်းမွန်လာအောင် ပြုပြင်ခြင်း၊ အလှအပအတွက်ဖြစ်ခြင်း၊ နားကြားကိရိယာ တပ်ဆင်ခြင်း။
(စ)မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ကိုယ်တိုင်ရာဇဝတ်မှု ကျူးလွန်ခြင်း၊ လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ။
(ဆ) မိမိကိုယ်ကို အဆုံးစီရင်ခြင်း (သို့မဟုတ်) မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်ခြင်း၊ AIDS/HIV ဖြစ်ခြင်း။
(ဇ) အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း (စစ်ပြုခြင်းများ၊ စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်း၊ စစ်တပ်(သို့မဟုတ်) အာဏာသိမ်းခြင်းနှင့်ဖော်ပြပါအဖြစ်အပျက်တစ်ခုခု၏တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သော အကျိုးသက်ရောက်မှု တစ်ရပ်ရပ်ကြောင့် တိုက်ရိုက် (သို့) သွယ်ဝိုက် (သို့) နီးကပ်စွာ (သို့) ဝေးလံစွာ ဖြစ်ပေါ်သော မတော် တဆဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း)။
(ဈ) ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် ၃ ရက်နှင့်အောက် ဖြစ်သော ဆေးကုသမှုများ။